ပြည်ထဲရေးဝန်ကြီးဌာန
မြန်မာနိုင်ငံရဲတပ်ဖွဲ့
ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့

# ငွေကြေးဆိုင်ရာစုံစမ်းစစ်ဆေးခြင်း

# တင်ပြမည့်အကြောင်းအရာများ

- ဥပဒေ ၊ နည်းဥပဒေများ
- ငွေကြေးခဝါချမှုအခြေခံသဘောတရား
- ငွေကြေးဆိုင်ရာစုံစမ်းစစ်ဆေးခြင်းသဘောတရား

# ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေနှင့် နည်းဥပဒေများ ပြဋ္ဌာန်းခြင်း

- တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့်ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေ (၁၇-၆-၂၀၀၂)
- တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့်ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေးနည်းဥပဒေများ (၅-၁၂-၂၀၀၃)
- ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ (၁၄-၃-၂၀၁၄)
- အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ(၄-၆-၂၀၁၄)
- ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနည်းဥပဒေများ (၁၁-၉-၂၀၁၅)
- အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုများအား တားဆီးနှိမ်နင်းရေးနည်းဥပဒေများ (၁၁-၉-၂၀၁၅)

# ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရမူလပြစ်မှုများ

၁။ဂိုဏ်းဖွဲ့ကျူးလွန်သည့်ပြစ်မှုများ၊

၂။ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုအပါအဝင် လိင်ပိုင်းဆိုင်ရာ အမြတ် ထုတ်မှုနှင့်သက်ဆိုင်သည့် ပြစ်မှုများ၊

၃။ ဉာဏပစ္စည်းဆိုင်ရာ မူပိုင်ခွင့်ထိပါးမှုနှင့်သက်ဆိုင်သည့် ပြစ်မှုများ၊ (ဉာဏပစ္စည်းဆိုင်ရာ ပြစ်မှုများ)

၄။သဘာဝပတ်ဝန်းကျင်ဆိုင်ရာထိခိုက်နစ်နာသည့် ပြစ်မှုများ

၅။ အခွန်တိမ်းရှောင်မှုနှင့်အခြားအခွန်ဆိုင်ရာမှုခင်းများနှင့်သက်ဆိုင်သည့်ပြစ်မှုများ

၆။ ပင်လယ်ဓားပြမှုနှင့်သက်ဆိုင်သည့် ပြစ်မှုများ

၇။ အကြွမ်းဖက်မှုဆိုင်ရာပြစ်မှုများ

၈။ သတင်းအချက်အလက်ကိုဦးစွာသိရှိနိုင်သူက မိမိသိရှိသည့်သတင်းအချက်အလက်ကို အသုံးပြု၍ မိမိကိုယ်တိုင်ဖြစ်စေ၊ ယင်းသတင်းအချက်အလက်ကို သူတစ်ပါးအား ပေးအပ်၍ဖြစ်စေ တရားမဝင်အကျိုးအမြတ်ရရှိရေးအတွက် ဆောင်ရွက်ခြင်းနှင့်ဈေးကွက်ထိန်းချုပ်ရန်ပြုလုပ် ခြင်းဆိုင်ရာပြစ်မှုများ

# ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရမူလပြစ်မှုများ
# ၃၀-၃-၂၀၁၅

၁။အကြမ်းဖက်မှုအပေါ် ငွေကြေးထောက်ပံ့ခြင်းအပါအဝင် အကြမ်းဖက်မှုများ

၂။လူကုန်ကူးမှုများနှင့်လူမှောင်ခိုမှုများ

၃။မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအား
တရားမဝင်ကုန်ကူးမှုများ

၄။လက်နက်များတရားမဝင်ကုန်ကူးမှုများ

၅။ ခိုးရာပါနှင့်အခြားပစ္စည်းများတရားမဝင်ကုန်ကူးမှုများ

၆။ အဂတိလိုက်စားမှုနှင့်လာဘ်ပေးလာဘ်ယူမှုများ

၇။ လိမ်လည်မှုများ

၈။ ငွေကြေးအတုပြုလုပ်မှုများ

၉။ လူသတ်မှုနှင့်လူကိုအပြင်းအထန်ထိခိုက်နာကျင်စေသောပြစ်မှုများ

၁၀။ ပြန်ပေးဆွဲမှု၊ မတရားတားဆီးချုပ်နှောင်မှုနှင့် ဓါးစာခံဖမ်းဆီးမှုများ

၁၁။ ဓါးပြမှု သို့မဟုတ် ခိုးမှု

၁၂။ အကောက်ခွန်၊ ယစ်မျိုးနှင့် အခွန်များဆိုင်ရာအပါအဝင် မှောင်ခိုမှုများ

၁၃။ ခြောက်လှန့်တောင်းယူမှုများ

၁၄။ အတုပြုလုပ်မှုများ

# ငွေကြေးခဝါချခြင်း


- တရားမဝင်လုပ်ဆောင်မှုမှရှိသည့် ငွေကြေးဥစ္စာများကို တရားဝင်ငွေကြေးဥစ္စာများ ဖြစ်လေဟန် ပုံဖော်လုပ်ဆောင်ခြင်း။
- ထိုသို့ပုံဖော်လုပ်ဆောင်ရာတွင် တရားမဝင်လုပ်ဆောင်ခဲ့မှုအား ခြေရာခံလိုက်ခြင်းမှ ရှောင်ရှားနိုင်ရန် ဖန်တီးဆောင်ရွက် ထားခြင်း။



# ငွေကြေးခဝါချမှုလက္ခဏာများ

- အထောက်အထားမရှိသောချမ်းသာကြွယ်ဝမှု
- အလုပ်အကိုင်နှင့်မညီမျှသောငွေကြေးပမာဏ
- သံသယဖြစ်ဖွယ်ဘဏ်လုပ်ငန်းဆောင်ရွက်မှု
- လုပ်ငန်းလည်ပတ်မှုမရှိသောစီးပွားရေးလုပ်ငန်းများထူထောင်ခြင်း
- ပစ္စည်းများအားနာမည်အတုဖြင့်ဝယ်ယူခြင်း

# ငွေကြေးခဝါချမှုအဆင့်များ



# ငွေကြေးခဝါချမှုအားအရေးယူဆောင်ရွက်သည့်အဖွဲ့အစည်းများ

- ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့

  (Financial Action Task Force- FATF)

- ဒေသတွင်းငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့အစည်းများ

  (FSRB)

- ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့များ

  (Financial Intelligence Unit- FIU)

- Egmont Group

# ငွေကြေးခဝါချခြင်းဆောင်ရွက်နိုင်သည့်လမ်းကြောင်းများ

- ပုဂ္ဂလိကအထူးဝန်ဆောင်မှုဘဏ်လုပ်ငန်းစနစ်
- နိုင်ငံရပ်ခြားဘဏ်လုပ်ငန်းစနစ်
- ကြားခံငွေစာရင်းများ
- အကြမ်းဖက်သမားများအားငွေကြေးထောက်ပံ့ခြင်း
- ကုန်သွယ်မှုလုပ်ငန်းများ
- ATMကဲ့သို့ငွေသားအစားထိုးကဒ်များ
- နည်းပညာသုံးငွေပေးချေမှုစနစ်များ

# သံသယဖြစ်ဖွယ်ဆောင်ရွက်ချက်များ

- သတ်မှတ်ပမာဏထက်လျော့နည်း၍ငွေကြေးလွှဲပြောင်းမှု အများအပြားပြုလုပ်ခြင်း
- အသုံးပြုမည့်ရည်ရွယ်ချက်မဖော်ပြဘဲ ငွေစာရင်းအမြောက်အများ ပိုင်ဆိုင်ခြင်း
- ငွေကြေးအပ်နှံပြီးနောက်အခြားငွေစာရင်း/ငွေကြေးအဖွဲ့အစည်း သို့ ချက်ချင်းငွေလွှဲပြောင်းခြင်း
- ငွေစာရင်းဖွင့်လှစ်ပြီး အချိန်တိုကာလအတွင်း ငွေအထုတ်/အသွင်း ပြုလုပ်၍ ငွေစာရင်းပိတ်သိမ်းခြင်း

# ဘဏ်မှတ်တမ်းများအရေးပါမှု

- ပြစ်မှုများကိုဖော်ထုတ်နိုင်
- ရှုပ်ထွေးသောငွေကြေးလွှဲပြောင်းမှုများမှသဲလွန်စများရနိုင်
- လွှဲပြောင်းမှုအရေအတွက်နှင့်ပမာဏများမှသက်သေခံ ဖော်ထုတ်နိုင်
- သက်သေခံပစ္စည်းနှင့်ပိုင်ဆိုင်မှုများ၏တည်နေရာ/အမျိုးအမည်

# ဘဏ္ဍာမှတ်တမ်းများ

- ✓ စုငွေစာရင်း
- ✓ ရင်းနှီးမြှုပ်နှံမှုနှင့်လုံခြုံမှုဆိုင်ရာငွေစာရင်း
- ✓ စာရင်းရှင်စာရင်း
- ✓ ချေးငွေနှင့်အပေါင်စာချုပ်
- ✓ စာရင်းဖွင့်ပုံစံ
- ✓ လက်မှတ်ကဒ်ပြား
- ✓ ဘဏ်ရှင်းတမ်း
- ✓ ငွေ/ပစ္စည်းအပ်နှံပုံစံလက်မှတ်
- ✓ ပျက်ပြယ်သွားသောချက်လက်မှတ်
- ✓ ATM/အကြွေးဝယ်ကဒ်/ငွေပေးကဒ်မှတ်တမ်း
- ✓ ကြေးနန်း/အီလက်ထရောနစ်နည်းဖြင့်ငွေလွှဲပြောင်းမှုမှတ်တမ်း

# ဘဏ္ဍာရှင်းတမ်းအားစစ်ဆေးခြင်း

- ဝင်ငွေရလမ်းဖော်ပြချက်နှင့်နှိုင်းယှဉ်လျှင် သာမန်ထက်ထူးခြားစွာ ပမာဏများပြားနေခြင်း
- ထူးခြားစွာငွေပမာဏအမြောက်အများအပ်နှံခြင်း
- အခြားနာမည်ပွားများဖြင့်ငွေအပ်နှံခြင်း
- ငွေသားဖြင့်ငွေအမြောက်အများအပ်နှံခြင်း
- ဝင်ငွေရလမ်းမဖော်ပြသောငွေအမြောက်အများအပ်နှံခြင်း
- ငွေအပ်နှံသည့်အချိန်ကာလအပိုင်းအခြား
- ထူးခြားသောငွေပမာဏအမြောက်အများထုတ်ယူခြင်း
- ငွေစာရင်းတွင်အထုတ်အသွင်းမပြုသောအခြေအနေ

# ချေးငွေနှင့်အပေါင်စာချုပ်များ

- ချေးငွေလျှော့ကျလွှာတွင်ဖော်ပြချက်များ
- အကြွေးစာရင်းအစီရင်ခံစာဖော်ပြချက်များ
- ဝင်ငွေရလမ်းဖော်ပြချက်များ
- အခြားပိုင်ဆိုင်မှုဖော်ပြချက်များ
- ငွေပေးချေမည့်နည်းလမ်းဆိုင်ရာဖော်ပြချက်များ
- လက်တွေ့ငွေပေးချေသည့်နည်းလမ်းဆိုင်ရာဖော်ပြချက်များ

# တွေ့ဆုံမေးမြန်းခြင်း

- သဲလွန်စရရှိရန်

- ရရှိထားသောအချက်အလက်များ ပိုမိုခိုင်မာစေရန်

- သက်သေခံအထောက်အထားများရရှိစေရန်

- သက်သေခံချက်များကိုစုစည်း၍တရားစွဲတင်နိုင်စေရန်

# တွေ့ဆုံမေးမြန်းခြင်း( Interviewing- PEACE )

- ကြိုတင်ပြင်ဆင်ခြင်း ( Planning and Preparing )
- ရင်းနှီးမှုရယူခြင်း ( Engage )
- တာဝန်ရှိမှုအားဖော်ထုတ်ခြင်း ( Account )
- ဖော်ထုတ်မေးမြန်းခြင်း ( Closure )
- အကဲဖြတ်သုံးသပ်ခြင်း ( Evaluation )

# တွေ့ဆုံမေးမြန်းစစ်ဆေးခြင်း

- ကြိုတင်ပြင်ဆင်ခြင်း
  - အမှုနှင့်သက်ဆိုင်သည့်အချက်များ
  - တွေ့ဆုံမေးမြန်းရမည့်သူ၏နောက်ကြောင်းရာဇဝင်
  - သိရှိလိုသည့်အချက်များ
  - မေးမြန်းမည့်နည်းလမ်း
  - တွေ့ဆုံမေးမြန်းမည့်နေရာ
  - တွေ့ဆုံမေးမြန်းရာတွင်ပါဝင်မည့်သူများ
  - ပထမ၊ဒုတိယ၊တတိယတွေ့ဆုံမေးမြန်းမည့်သူများ

# မှတ်တမ်းတင်ခြင်း

- စစ်ဆေးသူ၏အမည်
- ရက်စွဲ၊ အချိန်၊ တွေ့ဆုံမေးမြန်းသည့်နေရာ
- စစ်ဆေးချိန်တွင်အတူရှိနေသူများ
- အကြုံးဝင်သောထွက်ဆိုချက်များ
- မှတ်ချက်၊ ရှင်းလင်းချက်၊ ပူးတွဲတင်ပြချက်

# ဝင်ငွေရလမ်းမဖော်ပြနိုင်သောပိုင်ဆိုင်မှုကိုသက်သေပြခြင်း

- Direct Method of Proof
  - တရားဝင်လုပ်ငန်းမှရငွေအဖြစ်မဖော်ပြနိုင်ခြင်း
  - တရားမဝင်အရင်းအမြစ်မှ ဆင်းသက်လာခြင်း(သို့မဟုတ်)
  - တွေ့ရှိ/သိရှိထားသော တရားမဝင်လုပ်ငန်းမှ ရရှိထားခြင်း

# Indirect Method of Proof

- လက်ရှိပိုင်ဆိုင်မှု(100,000)
- (-) ပေးရန်ကြွေး(-10,000)
- (=)အသားတင်ကြွယ်ဝမှု(=90,000)
- (-) မူလပိုင်ဆိုင်မှု(-50,000)
- (=) တိုးတက်လာသောကြွယ်ဝမှု(=40,000)
- (+) အသုံးစရိတ်(+10,000)
- (=) စုစုပေါင်းဝင်ငွေ(=50,000)
- (-) ဝင်ငွေရလမ်းဖော်ပြနိုင်သောဝင်ငွေ(-20,000)
- (=) တရားမဝင်/ ဝင်ငွေရလမ်းမဖော်ပြနိုင်သောဝင်ငွေ(=30,000)

# ငွေကြေးဆိုင်ရာမှုခင်းစုံစမ်းစစ်ဆေးခြင်း

- ဥပဒေ၊ လုပ်ထုံးလုပ်နည်း
- စုံစမ်းစစ်ဆေးခြင်းဆိုင်ရာစီမံခန့်ခွဲမှု
- အမှုစီမံခန့်ခွဲမှု
- ငွေကြေးအဖွဲ့အစည်းဆိုင်ရာအသိအမြင်

# ငွေကြေးဆိုင်ရာမှုခင်းစုံစမ်းစစ်ဆေးခြင်း

- တရားရုံးအမိန့်
- ရှာဖွေသိမ်းဆည်းခြင်းလုပ်ထုံးလုပ်နည်း
- ပစ္စည်းထားနိုင်သည့်နေရာ
- လက်ဗွေ၊ ဒီအင်န်အေ၊ အဆက်အသွယ်
- မှတ်စုရေးမှတ်ခြင်း ( အချိန်၊ရက်စွဲ၊ နေရာ၊ မှတ်ချက်)
- မှတ်တမ်းတင်ခြင်း


# စီးနင်းရှာဖွေခြင်း ( IIMARCH )

- သတင်း ( Information )
- ရည်ရွယ်ချက် ( Intention )
- လုပ်နည်း ( Method )
- အုပ်ချုပ်မှု ( Administration )
- အန္တရာယ် ( Risk Assessment )
- ဆက်သွယ်ရေး ( Communication )
- လုံခြုံရေး ( Health and Safty )


# ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့
# ပြည်ထောင်စုအစိုးရအဖွဲ့၏အမိန့်၊ ၅၆/၂၀၁၄ (၄-၈-၂၀၁၄)

| | | |
|---|---|---|
| 1. | ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေး | ဥက္ကဋ္ဌ |
| 2. | ဥက္ကဋ္ဌ၊ဗဟိုဘဏ် | အဖွဲ့ဝင် |
| 3. | ဒုဝန်ကြီး၊ ပြည်ထဲရေး | အဖွဲ့ဝင် |
| 4. | ဒုဝန်ကြီး၊ ဘဏ္ဍာရေး | အဖွဲ့ဝင် |
| 5. | ဒုရှေ့နေချုပ်၊ ရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| 6. | ညွှန်ချုပ်၊ တရားလွှတ်တော်ချုပ် | အဖွဲ့ဝင် |
| 7. | ညွှန်ချုပ်၊ စစစ | အဖွဲ့ဝင် |
| 8. | ညွှန်ချုပ်၊ ထွေအုပ် | အဖွဲ့ဝင် |
| 9. | ညွှန်ချုပ်၊ လယ်/စီ | အဖွဲ့ဝင် |
| 10. | ညွှန်ချုပ်၊ အကောက်ခွန် | အဖွဲ့ဝင် |
| 11. | ညွှန်ချုပ်၊ ပြည်တွင်းအခွန် | အဖွဲ့ဝင် |
| 12. | ဥက္ကဋ္ဌ၊ UMFCCI | အဖွဲ့ဝင် |
| 13. | ဌာနကြီးမှူး၊ နိုင်ဖြတ်(မနရ) | အဖွဲ့ဝင် |
| 14. | ရဲချုပ်၊ မနရ | အတွင်းရေးမှူး |
| 15. | တပ်ဖွဲ့မှူး၊ ငကတ(မနရ) | တွဲဖက်အတွင်းရေးမှူး |

# ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့
# ၁၈-၁၀-၂၀၁၄ရက်နေ့၊
# ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်၃၇/၂၀၁၄



# စုံစမ်းစစ်ဆေးခြင်းလုပ်ငန်းစဉ်



# တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ဆိုသည်မှာ (Proceeds of Crime-POC)

တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ပစ္စည်းများ ပိုင်ဆိုင်ခြင်း၊

ရောင်းဝယ်ခြင်းကို အရေးယူသည့်ဥပဒေ(၁၉၈၆)ပုဒ်မ ၂၂ပုဒ်မခွဲ(က)

- တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့်ပစ္စည်းများ
    - ဥပဒေကခွင့်မပြုသောစီးပွားရေးလုပ်ငန်းမှဝင်ငွေဖြင့် ရရှိထားသော
    - ဥပဒေနှင့်ဆန့်ကျင်ပြီးရရှိသောဝင်ငွေဖြင့် ရရှိထားသော
    - ဥပဒေနှင့်အညီ အခွန်များကိုပေးဆောင်ခြင်းမပြုဘဲ ထိန်ချန်ထားသည့် ဝင်ငွေဖြင့် ရရှိထားသော

# တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့်ငွေကြေးနှင့်ပစ္စည်းများ ဆိုသည်မှာ (Proceeds of Crime-POC)

ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ(၂၀၁၄) ပုဒ်မ ၃၊ ပုဒ်မခွဲ (ထ)

- တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့်ငွေကြေးနှင့်ပစ္စည်းများ
  - ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေနှင့် သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်ကိုကျူးလွန်ရာမှ တိုက်ရိုက်/သွယ်ဝိုက်၍ ရရှိသော
  - ယင်းပြစ်မှုကျူးလွန်ခြင်းနှင့် စပ်ဆိုင်သော ပြုလုပ်မှု/ပျက်ကွက်မှုများမှ တိုက်ရိုက်/သွယ်ဝိုက်၍ ရရှိသော
  - ထိုသို့ရရှိသောငွေကြေးနှင့် ပစ္စည်းများကို အခြေခံ၍ ဖြစ်ထွန်းလာသော (အကျိုးအမြတ်များအပါအဝင်)
  - အခြားသောပစ္စည်း/စီးပွားရေးလုပ်ငန်းအဖြစ် ပြောင်းလဲခြင်း/လွှဲပြောင်းခြင်း ပြုလုပ်ထားသော

# ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ/နည်းဥပဒေများတွင် ပါရှိသည့်

# POC ဆိုင်ရာ ပြဋ္ဌာန်းချက်များ

# ဗဟိုအဖွဲ့၏လုပ်ပိုင်ခွင့်
# (၂၀၁၄ခုနှစ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ)

ဥပဒေ ပုဒ်မ ၈၊

(ဂ) ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများရှိ ငွေကြေးနှင့်ပစ္စည်းများကို သက်သေခံပစ္စည်းအဖြစ် ရှာဖွေသိမ်းဆည်းခြင်း/မှတ်တမ်းများ ကြည့်ရှုစစ်ဆေး မိတ္တူကူးယူခြင်းနှင့် သက်သေခံပစ္စည်း အဖြစ်သိမ်းဆည်းခြင်းပြုနိုင်ရန် အမိန့်ထုတ်ဆင့်ခြင်း နှင့် ရုပ်သိမ်းခြင်း၊

(ဃ)စုံစမ်းစစ်ဆေးနေသည့်ကာလအတွင်း ငွေကြေးခဝါချမှုနှင့်သက်ဆိုင်သော ငွေကြေးနှင့် ပစ္စည်းများကို ပြောင်းလဲခြင်း၊ လွှဲပြောင်းခြင်း၊ ဖုံးကွယ်ခြင်း၊ ဖောက်ဖျက်ခြင်း၊ အသွင်ပြောင်းလဲခြင်းမပြုလုပ်ရန် သက်ဆိုင်ရာသို့ တားမြစ်မိန့်ထုတ်ဆင့်ခြင်း၊ ချိပ်ပိတ်ထားရန် ညွှန်ကြားခြင်းနှင့် ရုပ်သိမ်းခြင်း

(င) ငွေကြေးခဝါချမှုနှင့်သက်ဆိုင်သော ငွေကြေးနှင့်ပစ္စည်းများကို စိစစ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ ဝင်ရောက်ကြည့်ရှုစစ်ဆေးခြင်း၊ ရှာဖွေခြင်း၊ သက်သေခံပစ္စည်းအဖြစ်သိမ်းဆည်းခြင်းတို့ကို သတ်မှတ်ချက်နှင့်အညီဆောင်ရွက်ရန် FIU ကို တာဝန်ပေးအပ်ခြင်း

(စ) သိမ်းဆည်းထားသော ပစ္စည်းများကို ခံဝန်ချုပ်ဖြင့်ပြန်လည်ပေးအပ်ရန် အမိန့်ချမှတ်ခြင်း နှင့် ယင်းခွင့်ပြုချက်ကိုပြန်လည်ရုပ်သိမ်းခြင်း

# စိစစ်ရေးအဖွဲ့၏လုပ်ပိုင်ခွင့်
# (၂၀၁၄ခုနှစ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ)

ဥပဒေ ပုဒ်မ ၁၄၊

စိစစ်ရေးအဖွဲ့သည် ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု၊ POC များ၊ အကြမ်းဖက်သမားတို့၏ ပိုင်ဆိုင်မှုများနှင့်စပ်လျဉ်း၍ စိစစ်ခြင်းနှင့်ယာယီထိန်းသိမ်းခြင်းဆိုင်ရာ ကိစ္စရပ်များကို အောက်ပါအတိုင်းဆောင်ရွက်နိုင်သည်-

(က) အဆိုပါငွေကြေးနှင့်ပစ္စည်းများကို ဖော်ထုတ်ခြင်း၊ ကွင်းဆက်ရှာဖွေဖော်ထုတ်ခြင်း၊

(ခ) အဆိုပါငွေကြေးနှင့်ပစ္စည်းများကို ရှာဖွေခြင်း၊ တားဆီးခြင်း၊ ထိန်းချုပ်ခြင်း၊ ဖမ်းဆီးခြင်း၊ သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်း၊ သိမ်းဆည်းထားသောပစ္စည်းများအား ခံဝန်ဖြင့် ပြန်လည်ပေးအပ်ခြင်း၊

(ဂ) စိစစ်နေသည့်ကာလအတွင်း အဆိုပါငွေကြေးနှင့် ပစ္စည်းများအား ချိပ်ပိတ်ခြင်း၊ အခြားနည်းဖြင့် ရောင်းဝယ်မှုမပြုလုပ်ရန် တားမြစ်ခြင်း၊

(ဃ) သတင်းပို့အဖွဲ့အစည်းများရှိ မှတ်တမ်းများအားထုတ်ပေးရန် တောင်းဆိုခြင်းနှင့် ဖတ်ရှုခြင်း၊

(င) စိစစ်ခြင်းခံရသူ၊ အခြားလူပုဂ္ဂိုလ်၊ အစိုးရဌာနအဖွဲ့အစည်း၊ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများထံမှ လိုအပ်သောအထောက်အထားများ တောင်းယူခြင်း။

# ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများဆိုင်ရာ လျှို့ဝှက်ချက်ထားရှိရေး ပြဋ္ဌာန်းချက်များ

**ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ(၂၀၁၆)**

ပုဒ်မ ၈၁(ယင်းဥပဒေ ပုဒ်မ ၁၅၄ အရ စီမံခန့်ခွဲမှုနည်းလမ်းအရ အရေးယူနိုင်သည်။)

**အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေ(၂၀၁၁)**

ပုဒ်မ ၅၃(ယင်းဥပဒေ ပုဒ်မ ၅၆ အရ(၂)နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်(၂)ရပ်လုံးဖြစ်စေ၊

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ(၂၀၁၃)**

ပုဒ်မ ၁၀၀ (ပုဒ်မ ၁၀၄ အရ (၂)နှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ် (၂)ရပ်လုံးဖြစ်စေ)

**ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ (၂၀၁၃)**

ပုဒ်မ ၅၈ (ပုဒ်မ ၆၄ အရ (၃)နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ် (၂)ရပ်လုံးဖြစ်စေ)

# ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများဆိုင်ရာ လျှို့ဝှက်ချက်ထားရှိရေး ပြဋ္ဌာန်းချက်များနှင့်ပတ်သက်သည့် ချွင်းချက်များ

**ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ(၂၀၁၆)**

ပုဒ်မ ၈၂၊ ပုဒ်မခွဲ (၇) ဥပဒေအရ တရားရုံး၏အမိန့်နှင့်အညီထုတ်ဖော်ခြင်း

ပုဒ်မခွဲ (၁၄) ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေနှင့် အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေတို့အရ ထုတ်ဖော်အသိပေးသည့်အချက်အလက်များ

**အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေ(၂၀၁၁)**

ပုဒ်မ ၅၃၊ ဥပဒေအရခွင့်ပြုချက်ရှိပါက

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ(၂၀၁၃)**

ပုဒ်မ ၁၀၀၊ တည်ဆဲဥပဒေအရခွင့်ပြုချက်ရှိပါက

**ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ (၂၀၁၃)**

ပုဒ်မ ၅၈ တည်ဆဲဥပဒေအရခွင့်ပြုချက်ရှိပါက

# အထွေထွေပြဋ္ဌာန်းချက်များ

## (၂၀၁၄ခုနှစ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ)

**ဥပဒေ ပုဒ်မ ၆၀ (သက်သေပြရန်တာဝန်)**

POC မဟုတ်ကြောင်း သက်သေထင်ရှားပြရန်တာဝန်သည် စွပ်စွဲခံရသူတွင် ရှိစေရန်မည်။

**ဥပဒေ ပုဒ်မ ၆၁**

POC နှင့်ပတ်သက်၍ တရားစွဲဆိုတင်ပို့ရာတွင်-

(က)ဥပဒေပုဒ်မ ၅ ပါ ပြစ်မှုတစ်ရပ်ရပ်ကိုကျူးလွန်ရာမှရရှိကြောင်း သက်သေထင်ရှားတင်ပြနိုင်လျှင် ဥပဒေကြောင်းအရ မြင်သာသော အထောက်အထားအဖြစ် မှတ်ယူရမည်။ ယင်းတို့အားရရှိစေခဲ့သည့် မူလပြစ်မှုကို မည်ကဲ့သို့ကျူးလွန်ခဲ့ကြောင်း သက်သေတင် ပြရန်လိုအပ်ခြင်းမရှိစေရ၊

(ခ) POC၏ ပမာဏကိုထည့်သွင်းစဉ်းစားခြင်းမပြုရ၊

(ဂ) ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုပြစ်မှုများတွင် ပြစ်မှုကျူး လွန်သူ၏ အသိအမြင်၊ရည်ရွယ်ချက်၊ ကြံရွယ်ချက်တို့ကို ဖြစ်ရပ်မှန်အကြောင်းခြင်းရာ များမှကောက်ချက်ချနိုင်သည်။

# အထွေထွေပြဋ္ဌာန်းချက်များ

## (၂၀၁၄ခုနှစ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ)

**ဥပဒေ ပုဒ်မ ၆၂**

သဘောရိုးဖြင့်အဖိုးစားနားပေး၍ လွှဲပြောင်းရယူထားခြင်းဖြစ်ကြောင်း သက်သေထင်ရှား တင်ပြနိုင်ပါက စုံစမ်းစစ်ဆေးခြင်းခံနေရသူမဟုတ်သော အခြားသူတစ်ဦး၏အခွင့်အရေးကို မထိခိုက်စေရ၊

**ဥပဒေ ပုဒ်မ ၆၃**

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေနှင့်အညီ တရားမျှတစွာ ပြုမူဆက်ဆံခြင်း၊ အခြား ခံစားခွင့် အခွင့်အရေးများပေးအပ်ခြင်း

**ဥပဒေ ပုဒ်မ ၆၄**

Fair Treatment

# လုပ်ထုံးလုပ်နည်းများ

## (၂၀၁၅ခုနှစ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး နည်း ဥပဒေများ)

**နည်းဥပဒေ ၁၇ (ယာယီသိမ်းဆည်း/ထိန်းချုပ်ပစ္စည်းများစီမံခန့်ခွဲခြင်း)**

(ခ) စိန်၊ ရွှေ၊ ငွေ၊ ကျောက်မျက်ရတနာ၊ အဖိုးတန်သတ္တု၊ ငွေကြေးနှင့်အဖိုးတန် ပစ္စည်းများကို ယာယီသိမ်းဆည်းရန်နှင့် စိစစ်စဉ်ကာလအတွင်း လုံအောက်သော အာမခံဖြင့် ပြန်လည် အပ်နှံထားနိုင်ခြင်း၊

(ဂ) မော်တော်ယာဉ်၊ ရေယာဉ်၊ လေယာဉ်၊ စက်တပ်ယာဉ်၊ စက်မဲ့ယာဉ်၊ အနေးယာဉ် စသည့်ယာဉ် အမျိုးမျိုး၊စက်အမျိုးမျိုးနှင့် ယင်းတို့နှင့်သက်ဆိုင်သောပစ္စည်းများ၊ စာရွက်စာတမ်းများကို ယာယီသိမ်းဆည်းရန်နှင့် စိစစ်စဉ်ကာလအတွင်း လုံလောက်သော အာမခံဖြင့် ပြန်လည် အပ်နှံထားနိုင်ခြင်း၊

(ဃ) ဆင်၊ မြင်း၊ ကျွဲ၊ နွားစသည့်တိရစ္ဆာန်များကို ယာယီသိမ်းဆည်းရန်နှင့် စိစစ်စဉ် ကာလ အတွင်း လုံအောက်သောအာမခံဖြင့် ပြန်လည် အပ်နှံထားနိုင်ခြင်း၊

(င) အိမ်ထောင်ပရိဘောဂ၊တူရိယာပစ္စည်း၊လျှပ်စစ်ပစ္စည်းစသည့်ရွှေ့ပြောင်းနိုင်သောပစ္စည်း များကို ယာယီသိမ်းဆည်းရန် နှင့် စိစစ်စဉ်ကာလအတွင်းလုံအောက်သောအာမခံဖြင့် ပြန်လည် အပ်နှံထားနိုင်ခြင်း၊

# လုပ်ထုံးလုပ်နည်းများ
# (၂၀၁၅ခုနှစ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနည်းဥပဒေများ)

နည်းဥပဒေ ၁၇ (ခံဝန်မတင်ပြနိုင်ခြင်း သို့မဟုတ် ခံဝန်ဖောက်ဖျက်ခြင်းရှိက ဆောင်ရွက်ရန် အချက်များ)

(ဆ) အာမခံဖြင့် ပြန်လည်ပေးအပ်ရန် ဗဟိုအဖွဲ့က ခွင့်ပြုလျှင် သို့မဟုတ် လုံလောက်သည့် ခံဝန် တင်ပြခြင်းမရှိလျှင် သို့မဟုတ် ခံဝန်ကို ဖောက်ဖျက်လျှင်-

(၁) စိန်၊ ရွှေ၊ ငွေ၊ ကျောက်မျက်ရတနာ၊ အဖိုးတန်သတ္တု၊ ငွေကြေးနှင့် အဖိုးတန်ပစ္စည်းများကို သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်တွင် လုံခြုံမှု စနစ်ဖြင့်အပ်နှံရန်၊

(၂) ဆင်၊ မြင်း၊ ကျွဲ၊ နွားစသည့်တိရစ္ဆာန်များကို သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများသို့ လွှဲပြောင်းအပ်နှံထားရန်၊

(၃) ပုပ်သိုးပျက်စီးလွယ်သော ပစ္စည်းများအား တည်ဆဲဥပဒေများနှင့်အညီ ထုခွဲ ရောင်းချပြီး ရရှိသည့်ငွေကြေးကို သက်ဆိုင်ရာမြန်မာ့စီးပွားရေးဘဏ်တွင် အပ်နှံထားရန်

(၄) လေယာဉ်၊ ရဟတ်ယာဉ်များကို သက်ဆိုင်ရာလေကြောင်းရဲတပ်ဖွဲ့တွင် လည်းကောင်း၊ ရေယာဉ်၊ ရေယာဉ်သုံးပစ္စည်းများကို သက်ဆိုင်ရာ ရေကြောင်း ရဲတပ်ဖွဲ့တွင်လည်းကောင်း အပ်နှံထားရှိရန်၊

(၅) အခြားပစ္စည်းများကို သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့မှူးများထံတွင် အပ်နှံထားရန်၊

# လုပ်ထုံးလုပ်နည်းများ

## (၂၀၁၅ခုနှစ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနည်းဥပဒေများ)

**နည်းဥပဒေ ၁၇ (ယာယီသိမ်းဆည်း/ ထိန်းချုပ်ပစ္စည်းများစီမံခန့်ခွဲခြင်း)**

(ဇ) ဗဟိုအဖွဲ့၏တားမြစ်မိန့်ပုံစံ(၃)ရရှိပြီးမှသာ ခံဝန်ဖြင့်ပြန်လည်ပေးအပ်ရန်၊

(ဈ) ပုံစံ (၂) သုံးစောင်ပြုလုပ်၍ စိစစ်ခံရသူ သို့မဟုတ် သိမ်းဆည်းခံရသူ၊ သက်သေနှင့် စိစစ်ရေးအဖွဲ့ခေါင်းဆောင်တို့က လက်မှတ်ရေးထိုးကာ တစ်စောင်ကို စိစစ်ခံရသူ သို့မဟုတ် သိမ်းဆည်းခံရသူကို ပြန်လည်ပေးအပ်ရန်၊

(ည) အမှုနှင့်ငြိစွန်းမှုမရှိကြောင်း စိစစ်တွေ့ရှိအချက်အပေါ် ဗဟိုအဖွဲ့၏ ညွှန်ကြားချက်ရရှိပါက ဖော်ပြပါ ငွေကြေးနှင့်ပစ္စည်းများကို ပုံစံ (၅)ဖြင့် ပြန်လည်ပေးအပ်ရန်၊

**နည်းဥပဒေ ၁၈**

စုံစမ်းစစ်ဆေးဆဲ သို့မဟုတ် တရားစွဲဆိုတင်ပို့ထားဆဲဖြစ်သော မှုခင်းများမှ သက်သေခံပစ္စည်းများနှင့်ပတ်သက်၍ ငွေကြေးခဝါချမှုဖြင့်စိစစ်ရာတွင် လိုက်နာရမည့် လုပ်ထုံး လုပ်နည်းများ

# လုပ်ထုံးလုပ်နည်းများ

## (၂၀၁၅ ခုနှစ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနည်းဥပဒေများ)

**နည်းဥပဒေ ၂၈ (သက်သေခံပစ္စည်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့်နည်းလမ်းများ)**

(က) တားမြစ်မိန့်ချမှတ်ထားသော သို့မဟုတ် ချိပ်ပိတ်ရန်ညွှန်ကြားထားသော ပစ္စည်းတည်ရှိသည့်နေရာ၌ ယင်းအမိန့် သို့မဟုတ် ညွှန်ကြားချက်ကို အများမြင်သာသောနေရာနှင့် သက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးတို့တွင် ကပ်ထားရန်၊

(ခ) မရွှေ့မပြောင်းနိုင်သောပစ္စည်းနှင့်စပ်လျဉ်း၍ ခိုင်လုံသောအထောက်အထားဖြင့် တင်ပြလျှောက်ထားလာပါက ကတိခံဝန်ချုပ် ပုံစံ(၄)ချုပ်ဆို၍ ပြန်လည်ပေးအပ်ရန်၊

(ဂ) မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ခံဝန်ဖြင့်ပြန်လည်ပေးအပ်ခြင်းမပြုပါက ထိုပစ္စည်းတွင် နေထိုင်သူကိုဖယ်ရှားပြီး သော့ခပ်၍ ချိပ်ပိတ်သိမ်းဆည်းထားရန်၊

(ဃ) ချိပ်ပိတ်ထားသည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းအား လုံခြုံစွာထိန်းသိမ်းထားရန် သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့မှူးအား တာဝန်ပေးအပ်ထားရန်၊

# ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်းအကူအညီပေးရေးဥပဒေ

ပုဒ်မ ၂ **(ဥပဒေ၏သက်ဆိုင်မှု)**

- မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ်ပါဝင်သော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဝင်နိုင်ငံ
- မြန်မာနိုင်ငံကအဖွဲ့အဖြစ်ပါဝင်သော ဒေသဆိုင်ရာသဘောတူစာချုပ်ဝင်နိုင်ငံ
- အပြန်အလှန်အကူအညီပေးရန် စည်းကမ်းချက်ဖြင့် သဘောတူသည့်နိုင်ငံများနှင့် ပြစ်မှုဆိုင်ရာကိစ္စရပ်များအတွက် အောက်ပါကိစ္စရပ်များတွင် အပြန်အလှန် အကူအညီ ပေးခြင်းနှင့်သက်ဆိုင်သည်-
    - စုံစမ်းစစ်ဆေးခြင်း
    - တရားစွဲဆိုခြင်း
    - တရားစီရင်ခြင်း

# ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်းအကူအညီပေးရေးဥပဒေ

ပုဒ်မ ၁၁ **(သက်သေခံပစ္စည်းပစ္စည်းရှာဖွေခြင်း၊ သိမ်းဆည်းခြင်း၊ ထိန်းချုပ်ခြင်း၊ တားမြစ်မိန့်ထုတ်ဆင့်ခြင်းနှင့် ပြည့်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်း)**

- ယင်းသို့ဆောင်ရွက်ရန် ဗဟိုအဖွဲ့က စိစစ်ပြီးခွင့်ပြုပါက သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနေဖြင့် တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရန်၊

# အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ

ပုဒ်မ ၆ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည်-

(ဌ) အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုပိုင် ပစ္စည်းများနှင့် ရန်ပုံငွေများကို ထိန်းချုပ်ရန် အမိန့်ထုတ်ပြန်နိုင်ခြင်း၊

(ဍ) အကြမ်းဖက်အုပ်စုပိုင် ပစ္စည်းနှင့်ရန်ပုံငွေများနှင့်စပ်လျဉ်း၍ ငွေကြေးဝန်ဆောင်မှု၊ ငွေကြေးလွှဲပြောင်းမှုတို့ကို မည်သူမျှ မပြုလုပ်ရန် တားမြစ်မိန့်ထုတ်ပြန်နိုင်ခြင်း၊

# အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ

ပုဒ်မ ၄၆ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ သို့မဟုတ် ဗဟိုအဖွဲ့က လွှဲအပ်သည့် လုပ်ငန်းကော်မတီသည် အောက်ပါတို့ကိုဆောင်ရွက်နိုင်သည်-

(က) အကြမ်းဖက်မှုနှင့်စပ်လျဉ်း၍ သက်သေခံပစ္စည်းအဖြစ်သိမ်းဆည်းထားသည့် ပစ္စည်းများကိုပြောင်းလဲခြင်း၊ လွှဲပြောင်းခြင်း၊ ဖျောက်ဖျက်ခြင်း၊ ဖုံးကွယ်ခြင်း တို့မပြု နိုင်စေရန် တားမြစ်/ချိပ်ပိတ်မိန့် ထုတ်ပြန်ခြင်းနှင့်ရုပ်သိမ်းခြင်း

(ခ) ဘဏ်တွင်အပ်နှံထားသော ငွေကြေး/ပစ္စည်း/အကျိုးအမြတ်များဖြစ်ပါက ယင်းတို့ကို ရှာဖွေသိမ်းဆည်းခွင့်/မှတ်တမ်းများစစ်ဆေးကြည့်ရှုခွင့်၊ မိတ္တူကူး ခွင့်၊ လိုအပ်ပါက သက်သေခံပစ္စည်းအဖြစ်သိမ်းဆည်းခွင့်ပြုရန် ဘဏ်/ငွေရေးကြေးရေးအဖွဲ့အစည်း အဖွဲ့အစည်းထံ ထုတ်ပြန်ခွင့်

# အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့က ထုတ်ပြန်ခဲ့သည့် အမိန့်အမှတ် (၃/၂၀၁၆)

အပိုဒ် ၇။ UNSC and FIU website တို့နှင့်အချိန်နှင့် တစ်ပြေးညီ အကြမ်းဖက်သမားနှင့် အကြမ်းဖက်အုပ်စုစာရင်းကို စစ်ဆေးကြည့်ရှု၍ စစ်ဆေးတွေ့ရှိပါက-

(က) ယင်းတို့၏ပိုင်ဆိုင်မှုများမိမိလက်ဝယ်ရှိ/မရှိစိစစ်ရန်

(ခ) တွေ့ရှိချက်အား အလုပ်လုပ်ရက် (၃)ရက်အတွင်း သတင်းပို့ရန်

(ဂ) နှောင့်နှေးကြန့်ကြာမှုမရှိဘဲထိန်းချုပ်ရန်

(ဃ) ထိန်းချုပ်ထားသည့်ရန်ပုံငွေစာရင်းအား သတင်းပို့ရန်

(င) အရေးယူဆောင်ရွက်ထားရှိမှုအား ဆောလျင်စွာ တင်ပြရန်

# ကျေးဇူးတင်ပါသည်။

ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးတပ်ဖွဲ့